

# နိုင်ငံတကာကုန်သွယ်မှုမှ ငွေပေးချေမှုနည်းလမ်းများ

# PAYMENT METHODS IN INTERNATIONAL TRADE






ဦးစန်းလွင်

တရားရုံးချုပ်ရှေ့နေ




## ဒို့တာဝန်အရေးသုံးပါး

- ★ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ★ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

* စာမူခွင့်ပြုချက်အမှတ် -၂၄၆/၂၀၀၄ (၃)
* မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၃၀/၂၀၀၄ (၅)
* ပထမအကြိမ် - ၂၀၀၄ ခုနှစ်၊ ဇွန်လ
* အုပ်ရေ - ၁၀၀၀
* ကွန်ပျူတာစာစီ - **"ကောင်းမွန် ကွန်ပျူတာ"**
  အမှတ် ၁၁၄၊ ၃၄လမ်း (လယ်)၊ ☎ ။ ၂၈၆၈၁၆
* ပုံနှိပ်သူ - ပီတိပုံနှိပ်တိုက်
  အမှတ် (၅)၊ ဘိုကလေးဈေးလမ်း၊ ရန်ကုန်မြို့။
* ထုတ်ဝေသူ - ဦးစန်းလွင်စာပေ၊ တိုက် ၂၀၊ ရတနာမွန်လမ်း
  ၃-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
* ဖြန့်ချိရေး - ဒေါ်မြင့်မြင့်မာ
  ဦးစန်းလွင်စာပေ
  တိုက် ၂၀၊ ရတနာမွန်လမ်း
  ၃-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
  ☎ : ၀၉-၅၀၀၃၈၁၃၊ ၀၁ ၇၅၂၇၇၈၁

တန်ဖိုး - ၆၀၀၀ ကျပ်

မူပိုင် - ဒေါ်မြင့်မြင့်မာ

# နိုင်ငံတကာကုန်သွယ်မှု
# မှ
# ငွေပေးချေမှုနည်းလမ်းများ

# PAYMENT METHODS
# IN
# INTERNATIONAL TRADE

ဦးစန်းလွင်
တရားရုံးချုပ်ရှေ့နေ

# အမှာစာ

ဈေးကွက်စီးပွားရေးစနစ်တွင် နိုင်ငံတကာကုန်သွယ်မှုသည် အရေးပါသောကဏ္ဍတစ်ရပ်တွင်ပါဝင်ပါသည်။ နိုင်ငံအစိုးရဌာန၊ အဖွဲ့အစည်းများသာမက တစ်သီးပုဂ္ဂလစီးပွားရေးလုပ်ငန်းများကလည်း နိုင်ငံတကာကုန်သွယ်မှုတွင် အင်နှင့်အားနှင့်ပါဝင်ကြပါသည်။ နိုင်ငံတကာကုန်သွယ်မှုတွင် ကုန်သွယ်ဖက်များသည် ဥပဒေစနစ်ချင်းမတူသော၊ ဘဏ်စနစ်ချင်းကွဲပြားသော၊ အုပ်ချုပ်ပုံစနစ်ချင်းလည်းမတူသော နိုင်ငံများမှလည်း ပါဝင်လေ့ရှိကြရာ ကုန်သွယ်ဖက်တစ်ဦးဦး၏ဥပဒေစနစ်၊ ဘဏ်စနစ်ကိုသာ သတ်မှတ်ဆောင်ရွက်ခြင်းထက် ကုန်သွယ်ဖက် နှစ်ဖက်စလုံးအတွက် မျှတသော၊ နိုင်ငံတကာကုန်သွယ်မှုတွင် နှစ်ပေါင်းများစွာ လက်ခံကျင့်သုံးခဲ့ကြသော နိုင်ငံတကာ ကုန်သွယ်မှုဓလေ့၊ ဘဏ်လုပ်ငန်းကျင့်စဉ်များကို ကုန်သွယ်ဖက်အားလုံး၏အကျိုးအတွက် လက်ခံဆောင်ရွက်လာခဲ့ကြပါသည်။

တစ်ဖက်တွင် နိုင်ငံတကာကုန်သည်ကြီးများအသင်းကဲ့သို့သော နိုင်ငံတကာကုန်သွယ်မှုတွင် အရေးပါသည့်အသင်းကြီးများကလည်း နိုင်ငံတကာကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများတွင် ဥပဒေစနစ်ချင်းမတူသည့် နိုင်ငံအများက လက်ခံဆောင်ရွက်နိုင်သည့် ကုန်သွယ်မှုစည်းမျဉ်းများ၊ ဘဏ်လုပ်ငန်းဆိုင်ရာစည်းမျဉ်းများ ချမှတ်ကျင့်သုံးရေးအတွက် ညှိနှိုင်းဆောင်ရွက်လာခဲ့ပါသည်။ ပထမကမ္ဘာစစ်ကြီးပြီးသည့်အခါ နိုင်ငံတကာကုန်သွယ်မှုပုံစံလည်း ပြောင်းလဲသွားခဲ့သည်။ ယင်းစစ်မဖြစ်မီကကဲ့သို့ သိကျွမ်းပြီးသူ ကုန်သည်အချင်းချင်း ရောင်းဝယ်ကြခြင်းမျိုးသာမက တစ်ကြိမ်မျှ မသိကျွမ်းဘူးသူအချင်းချင်းလည်း ကုန်သွယ်လာခဲ့ကြရာ ကုန်ရောင်းသူဘက်မှ မိမိကုန်စည်များအတွက် ကုန်ဘိုးငွေရရှိရေး စိတ်ချရမှုရှိစေရန်နှင့် ကုန်ဝယ်သူဘက်မှလည်း မိမိမှာယူသောကုန်စည်အမျိုးအစား၊ အရေအတွက်၊ အရည်အချင်းအတိုင်း မမှားမယွင်း အချိန်မီရရှိရန်၊ မိမိကပေးချေရသည့်ကုန်ဘိုးငွေများ အကြောင်းအမျိုးမျိုးကြောင့် မဆုံးရှုံးရစေရန် တရားမျှတ၍ ထိရောက်သော ကုန်သွယ်မှုအတွက် ငွေပေးချေမှုနည်းလမ်းများကို ညှိနှိုင်းရှာဖွေလာခဲ့ကြပါသည်။ နိုင်ငံတကာကုန်သွယ်မှုမှ ငွေပေးချေမှုနည်းလမ်းများအတွက် ပထမတွင် နိုင်ငံအလိုက်ကြိုးပမ်းရှာဖွေခဲ့ကြရာမှ နိုင်ငံတကာကုန်သည်ကြီးများအသင်း (INTERNATIONAL CHAMBER OF COMMERCE-ICC) ၏ ဦးဆောင်မှုဖြင့် ယင်းနည်းလမ်းများကို ကြိုးပမ်း

ရှာဖွေလာခဲ့ပါသည်။ ၁၉၅၁ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၈၃ ခုနှစ်နှင့် ၁၉၉၃ ခုနှစ်တို့တွင် "ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အထောက်အထားငွေထုတ်စာရင်းဆိုင်ရာ တူညီထုံးတမ်းများနှင့် ကျင့်စဉ်များ ( UNIFORM CUSTOMS AND PRACTICE FOR COMMERCIAL DOCUMENTARY CREDITS-UCP)" ကို အဆင့်ဆင့် ပြင်ဆင်ချမှတ်ကျင့်သုံးလာနိုင်ခဲ့ပါသည်။

နိုင်ငံတကာကုန်သွယ်မှုတွင် ငွေပေးချေမှုနည်းလမ်းအများရှိရာ ကုန်သွယ်ရောင်းဝယ်ကြသူများအနေဖြင့် မိမိတို့၏ကုန်သွယ်မှုအတွက် မည်သို့သောငွေပေးချေမှုနည်းလမ်းကို ရွေးချယ်သင့်သည်ကို လေ့လာသိရှိထားရန် လိုအပ်ပေသည်။ နိုင်ငံတကာကူးသန်းရောင်းဝယ်မှုစာချုပ်များပါ စည်းကမ်းချက်များနှင့် ရွေးချယ်သည့် ငွေပေးချေမှုနည်းလမ်းများသည် တစ်ခုနှင့်တစ်ခု လိုက်လျောညီထွေရှိရန် လိုအပ်ပါသည်။ မိမိတို့၏ ကုန်သွယ်မှုနှင့် တန်ဘိုးငွေပေးချေမှုနည်းလမ်းများ ကိုက်ညီမှု ရှိမရှိကိုလည်း ချိန်ဆသိရှိထားသင့်ပေသည်။

နိုင်ငံတကာကုန်သွယ်မှုတွင် ပါဝင်ရောင်းဝယ်ကြသူများ၊ နိုင်ငံတကာကုန်စည် သယ်ယူပို့ဆောင်မှုတွင် ပါဝင်ဆောင်ရွက်ကြသူများ၊ နိုင်ငံတကာကုန်သွယ်မှုတွင် ငွေပေးချေမှုလုပ်ငန်းအဆင့်ဆင့်၌ ပါဝင်ဆောင်ရွက်ကြသူများက နိုင်ငံတကာကုန်သွယ်မှုဓလေ့များ၊ အလေ့အထများ၊ နိုင်ငံတကာဘဏ်လုပ်ငန်းစည်းမျဉ်းများ၊ ငွေပေးချေမှုနည်းလမ်းများကို ပိုမိုလေ့လာနိုင်ကြစေရန် ဤ "နိုင်ငံတကာကုန်သွယ်မှုမှ ငွေပေးချေမှုနည်းလမ်းများ" ကို လေ့လာတင်ပြခြင်းဖြစ်ပါသည်။

"နိုင်ငံတကာကုန်သွယ်မှုမှ ငွေပေးချေမှုနည်းလမ်းများ" ကို စာရှုသူများသို့ စတင်မိတ်ဆက်ဖော်ပြပေးခဲ့သည့် "နိုင်ငံတကာစီးပွားရေးဂျာနယ်" ကို ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

စာရေးသူအား စီးပွားရေးလုပ်ငန်းဥပဒေဘာသာရပ်တွင် စိတ်ပါဝင်စားစွာ လေ့လာကြိုးပမ်းစေရန် သင်ကြားလမ်းညွှန်ပြသပေးခဲ့ကြသည့် ရှေ့နေချုပ်ရုံးမှ ကျေးဇူးရှင်ဆရာများအား ဤစာအုပ်ဖြင့် ဂါရဝပြုအပ်ပါသည်။

ဦးစန်းလွင် (တရားရုံးချုပ်ရှေ့နေ)

# နိုင်ငံတကာကုန်သွယ်မှုမှ ငွေပေးချေမှုနည်းလမ်းများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **နိုင်ငံတကာကုန်သွယ်မှုမှ ငွေပေးချေမှုနည်းလမ်းများ** | ၁ |
| ၁.၁။ | ငွေကြိုတင်ပေးချေခြင်း ( PAYMENT IN ADVANCE ) | ၃ |
| ၁.၂။ | စာရင်းရှင် ( OPEN ACCOUNT ) | ၃ |
| ၁.၃။ | အထောက်အထားငွေထုတ်စာရင်းများ ( DOCUMENTARY CREDITS ) | ၄ |
| ၁.၃.၁။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | ၄ |
| ၁.၃.၂။ | အထောက်အထားငွေထုတ်စာရင်းတစ်ရပ်တွင်ပါဝင်သူများ | ၅ |
| ၁.၃.၃။ | အထောက်အထားငွေထုတ်စာရင်းထုတ်ပေးမှု လုပ်ငန်းအဆင့်ဆင့်များ | ၇ |
| ၁.၃.၄။ | ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အထောက်အထား ငွေထုတ်စာရင်းများ၏တူညီသောထုံးတမ်းများနှင့်ကျင့်စဉ်များ | ၁၁ |
| ၂။ | **အထောက်အထားငွေထုတ်စာရင်းများ၏ အခြေခံပုံစံများနှင့်အထူးပုံစံများ** | [illegible] |
| ၂.၁။ | အထောက်အထားငွေထုတ်စာရင်းများ၏အခြေခံပုံစံများ | ၁၄ |
| ၂.၁.၁။ | ပြန်လည်ရုပ်သိမ်းနိုင်သော ငွေထုတ်စာရင်း ( REVOCABLE CREDIT ) | ၁၄ |
| ၂.၁.၂။ | ပြန်လည်မရုပ်သိမ်းနိုင်သော ငွေထုတ်စာရင်း ( IRREVOCABLE CREDIT) | ၁၅ |
| ၂.၁.၃။ | အတည်ပြုသောငွေထုတ်စာရင်းနှင့် အတည်မပြုသော ငွေထုတ်စာရင်းများ | ၁၇ |
| ၂.၁.၄။ | လွှဲပြောင်းနိုင်သောငွေထုတ်စာရင်းနှင့် မလွှဲပြောင်းနိုင်သော ငွေထုတ်စာရင်း | ၂၀ |
| ၂.၂။ | အထူးပုံစံများ ( SPECIAL FORMS ) | ၂၂ |
| ၂.၂.၁ | လှည့်လည်သုံးငွေထုတ်စာရင်း ( REVOLVING CREDIT ) | ၂၂ |
| ၂.၂.၂ | အပြန်အလှန်ငွေထုတ်စာရင်း( BACK TO BACK CREDIT ) | ၂၄ |
| ၂.၂.၃ | အနီရောင်အပိုဒ်ငွေထုတ်စာရင်း( RED CLAUSE CREDIT ) | ၂၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂ . ၂ . ၄ | အသင့်ထုတ်ငွေထုတ်စာရင်း<br>( STANDBY LETTER OF CREDIT ) | ၂၇ |
| ၃။ | **အခြေခံသဘောတရားများ** | ၃၃ |
| ၃ . ၁။ | ကွဲလွဲချက်များကိုဖော်ထုတ်ရန် ဘဏ်၏တာဝန် | ၃၈ |
| ၃ . ၂။ | အထောက်အထားများကို ဘဏ်ကစစ်ဆေးရန်<br>သတ်မှတ်သည့်အချိန် | ၃၈ |
| ၃ . ၃။ | ကွဲလွဲချက်များရှိနေခြင်းကို ခွင့်လွှတ်ခြင်း | ၄၀ |
| ၃ . ၄။ | အချိန်သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း | ၄၂ |
| ၃ . ၅။ | လိမ်လည်မှုအတွက် ဥပဒေအကာအကွယ်မပေးနိုင်ခြင်း | ၄၅ |
| ၃ . ၆။ | စည်းကမ်းချက်ဖြင့် ငွေပေးချေခြင်းနှင့် အာမခံတင်စေ၍<br>ငွေပေးချေခြင်း | ၄၈ |
| ၄။ | **အထောက်အထားများ** | ၅၁ |
| ၄ . ၁။ | ကူးသန်းရောင်းဝယ်မှုဆိုင်ရာကုန်ပို့လွှာ<br>( COMMERCIAL INVOICE ) | ၅၄ |
| ၄ . ၂။ | ကုန်စည်ထုတ်လုပ်မှု မူရင်းနိုင်ငံဆိုင်ရာထောက်ခံချက်<br>( CERTIFICATE OF ORIGIN )<br>သယ်ယူပို့ဆောင်မှုအထောက်အထားများနှင့်<br>အခြားအထောက်အထားများ | ၅၇ |
| ၄ . ၃။ | အာမခံအထောက်အထား ( INSURANCE DOCUMENT ) | ၅၈ |
| ၄ . ၄။ | စစ်ဆေးမှုထောက်ခံချက်လက်မှတ်<br>( INSPECTION CERTIFICATE ) | ၆၂ |
| ၄ . ၅။ | ကုန်စည်အလေးချိန်နှင့် အရေအတွက်ဆိုင်ရာထောက်ခံချက်<br>( CERTIFICATE OF WEIGHT AND QUANTITY ) | ၆၃ |
| ၄ . ၆။ | သယ်ယူပို့ဆောင်မှုအထောက်အထားများ<br>( TRANSPORT DOCUMENTS) | ၆၆ |
| ၄ . ၆. ၁။ | ကုန်းပတ်ပေါ်တွင်တင်ကာ သယ်ယူပို့ဆောင်ခြင်း<br>(CARRIAGE ON DECK) | ၆၆ |
| ၄ . ၆. ၂။ | သင်္ဘောကုန်တင်သူက ကုန်တင်ပို့၊ ရေတွက်ရခြင်း<br>( SHIPPER'S LOAD & COUNT ) | ၆၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄.၆.၃။ | ရှင်းလင်းသော သယ်ယူပို့ဆောင်မှုအထောက်အထား (CLEAN TRANSPORT DOCUMENT) | ၆၈ |
| ၄.၆.၄။ | သီးသန့်သယ်ယူပို့ဆောင်မှုအထောက်အထားများ (SPECIFIC TRANSPORT DOCUMENTS) | ၇၂ |
| ၄.၆.၄ (၁) | ပင်လယ်ရေကြောင်းသင်္ဘောကုန်တင်စာရင်း (MARINE / OCEAN BILL OF LADING) | ၇၃ |
| ၄.၆.၄ (၂) | မလွှဲပြောင်းနိုင်သော ပင်လယ်ရေကြောင်းကုန်စာရင်း (NON-NOGOTIABLE SEA WAYBILL) | ၈၁ |
| ၄.၆.၄ (၃) | သင်္ဘောစင်းလုံးငှားကုန်တင်စာရင်း (CHARTER-PARTY BILL OF LADING) | [illegible] |
| ၄.၆.၄ (၄) | နည်းလမ်းစုံသယ်ယူပို့ဆောင်မှုအထောက်အထား (MULTIMODAL TRANSPORT DOCUMENT) | ၈၆ |
| ၄.၆.၄ (၅) | လေကြောင်းသယ်ယူပို့ဆောင်မှုအထောက်အထား ( AIR TRANSPORT DOCUMENT) | ၉၃ |
| ၄.၆.၄ (၆) | ကုန်းလမ်းပို့ဆောင်မှု၊ ရထားပို့ဆောင်မှု သို့မဟုတ် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်မှုအထောက်အထားများ | ၉၈ |
| ၄.၆.၄ (၇) | ချောထုပ် သို့မဟုတ် စာပို့တိုက်လက်ခံပြေစာများ (COURIER & POST RECEIPTS) | ၁၀၀ |
| ၄.၆.၄ (၈) | ကုန်စည်စီစဉ်တင်ပို့သူများက ထုတ်ပေးသော သယ်ယူပို့ဆောင်မှုအထောက်အထားများ (TRANSPORT DOCUMENTS ISSUED BY FREIGHT FORWARDERS) | ၁၀၂ |
| ၄.၊.၅။ | မူရင်းအထောက်အထားများကို မှန်ကြောင်းသက်သေခံခြင်း | ၁၀၄ |
| ၅။ | **အထောက်အထားစုစည်းတင်ပြ၍ ငွေထုတ်ယူခြင်း** (DOCUMENTARY COLLECTION) | ၁၀၇ |
| ၅.၁။ | အထောက်အထားစုစည်းတင်ပြ၍ ငွေထုတ်ယူခြင်း လုပ်ငန်းအဆင့်ဆင့် | ၁၁၁ |
| ၅.၂။ | အထောက်အထားစုစည်းတင်ပြ၍ ငွေထုတ်ယူမှုအခြေခံပုံစံများ | ၁၁၂ |
| .၃။ | သုံးသပ်ချက် | ၁၁၄ |
| | PAYMENT METHODS IN INTERNATIONAL TRADE | ၁၁ |

အခန်း (၁)

# နိုင်ငံတကာကုန်သွယ်မှုမှ ငွေပေးချေမှုနည်းလမ်းများ

နိုင်ငံတကာကုန်သွယ်ရောင်းဝယ်မှုပြုကြရာမှာ ကုန်ရောင်းသူနဲ့ ကုန်ဝယ်သူဟာ တစ်နိုင်ငံဆီကဖြစ်ကြလေတော့ ကုန်ရောင်းသူဘက်ကလည်း သူရောင်းချတဲ့ ကုန်စည်တွေအတွက် ကုန်ဘိုးငွေ အပြည့်အဝကို အချိန်နဲ့အညီ ရယူလိုပြီး ကုန်ဝယ်သူကလည်း ဝယ်ယူတဲ့ကုန်စည်တွေ သူ့လက်ထဲ မရောက်ခင် သူ့ငွေတွေကို အကြောင်းအမျိုးမျိုးပြပြီး ဆုံးရှုံးသွားမယ့်အဖြစ် မျိုးကို မလိုလားပါဘူး။

ကုန်ရောင်းသူဘက်ကကြည့်ရင် ကုန်ဝယ်သူမှာယူတဲ့ ကုန်စည်တွေကို သူကိုယ်တိုင် ထုတ်လုပ်ချင်မှထုတ်လုပ်တာဖြစ်မယ်။ ဒါပေမယ့် သူကိုယ်တိုင် ထုတ်လုပ်တာဖြစ်စေ တခြားသူတစ်ဦးဆီကို တစ်ဆင့်ဝယ်ယူပေးတာဖြစ်စေ သူ့ရဲ့အရင်းအနှီး သို့မဟုတ် အာမခံမှုတော့ အရင်းစိုက်ရမှာမလွဲပါဘူး။ ဒီလို ရင်းနှီးထားရာမှာ ဝယ်သူက တခြားဈေးသက်သာတဲ့ ကုန်ရောင်းသူ တစ်ယောက်ဆီက မျိုးတူကုန်စည်တွေ ဝယ်ယူလို့ဖြစ်စေ ဝယ်သူက ကုန်မှာပြီးမှ ပေးချေစရာ ငွေမရှိတော့လို့ဖြစ်စေ တခြားအကြောင်းကြောင်းကြောင့်ဖြစ်စေ

မှာယူတဲ့ကုန်စည်တွေကို မယူတော့တဲ့အခါ ကုန်ရောင်းသူမှာ အခက်အခဲအမျိုးမျိုးကြုံရတတ်ပါတယ်။ အထူးမှာယူတဲ့ကုန်စည်မျိုးဆိုရင် ဈေးကွက်မှာ အလွယ်တကူပြန်ရောင်းလို့မထွက်တဲ့ အခက်အခဲမျိုးရှိသလို အသုံးမလိုတဲ့ ကုန်စည်တွေကိုလည်း ဝယ်သူတွေက အပိုဝယ်ပြီး ငွေမြှုပ်မထားလိုကြပါဘူး။ ဒီအခါမှာ ကုန်ရောင်းသူဟာ ငွေကြေးအရ ရှုံးခြင်း၊ အခက်အခဲမျိုးစုံတွေ့ရခြင်း၊ မိမိအာမခံထားပြီး ဝယ်ခဲ့ရတဲ့ ကုန်စည်ထုတ်လုပ်သူ၊ ကုန်ပေးသွင်းသူတွေနဲ့ ဖြေရှင်းရခြင်း စတဲ့အခက်အခဲတွေ တွေ့လေ့ရှိပါတယ်။

ကုန်ဝယ်သူဘက်ကကြည့်ရင်လည်း ကုန်ရောင်းသူက ပေးပို့လိုက်တဲ့ ကုန်စည်တွေဟာ မှာယူတဲ့ကုန်စည်တွေနဲ့မတူဘဲ အရည်အသွေးအရဖြစ်စေ အရေအတွက်အရဖြစ်စေ ကွာခြားနေရင် အသုံးမတည့်ဖြစ်တတ်ပါတယ်။ အထူးမှာယူတဲ့ကုန်စည်တွေမှာ ဝယ်ယူတဲ့စည်းကမ်းချက်နဲ့ မကိုက်ညီတဲ့ပစ္စည်းမျိုးတွေကို ကုန်ရောင်းသူက ပေးပို့လိုက်ရင် တစ်နိုင်ငံကတစ်နိုင်ငံကို ပြန်ပို့နေရတာနဲ့ဘဲ သယ်ယူပို့ဆောင်ခစရိတ်တွေ အဆမတန် ကုန်ကျရုံသာမက လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုတွေလည်း ဖြစ်တတ်ပါတယ်။ ပိုဆိုးတာက ကုန်ဝယ်သူကိုယုံပြီး ငွေပုံပေးလိုက်ရင် ငွေဆုံးပြီး လူရှာမရတဲ့အဖြစ်ဆိုးတွေလည်း အများအပြားရှိနေခဲ့ပြီး၊ ရှိနေဆဲလည်းဖြစ်ပါတယ်။ မိမိကိုယ်ပိုင်စီးပွားရေးလုပ်သည့်ဘဲဖြစ်ဖြစ် အဖွဲ့အစည်းတစ်ခုရဲ့ တာဝန်ရှိပုဂ္ဂိုလ်အဖြစ် အဖွဲ့အစည်းကို ကိုယ်စားပြုရောင်းဝယ်တာဘဲဖြစ်ဖြစ် မဆုံးရှုံးသင့်တာ မဆုံးရှုံးမိစေဘို့ အထူးသတိထားဘို့လိုပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာကုန်သွယ်မှုတွေမှာ ကျင့်သုံးနေကြတဲ့ ငွေပေးချေမှုနည်းလမ်းတွေဟာ နိုင်ငံတကာကူးသန်းရောင်းဝယ်မှုမှာ တစ်နည်းနည်းနဲ့ပတ်သက်နေကြသူများအဘို့ မသိမဖြစ် သိဘို့လိုအပ်တဲ့အတွက် လေ့လာတင်ပြလိုက်ပါတယ်။

## ၁ ၀ ၁။ ငွေကြိုတင်ပေးချေခြင်း ( Payment in advance )

ဝယ်ယူတဲ့ကုန်စည်တွေကို သင်္ဘောဖြင့် တင်ဆောင်မပေးပို့မီ သို့မဟုတ် ဝန်ဆောင်မှုများကို ဆောင်ရွက်မပေးမီ ကုန်ဘိုးငွေ သို့မဟုတ် အဖိုးအခကို ကုန်ရောင်းသူအလိုရှိတဲ့အချိန်မှာ ထုတ်ယူနိုင်ဘို့ ဆောင်ရွက်ထားပေးခြင်းကို ငွေကြိုတင်ပေးချေခြင်းလို့ခေါ်ပါတယ်။ ဒီစနစ်က ကုန်ရောင်းသူအတွက် အကျိုးများလှပေမယ့် ကုန်ဝယ်သူအတွက်တော့ စာချုပ်ပါကုန်စည်တွေ၊ ဝန်ဆောင်မှုတွေကို ရရှိလိမ့်မယ်လို့တော့ မသေချာလှပါဘူး။

## ၁ ၀ ၂။ စာရင်းရှင် ( Open Account )

''စာရင်းရှင်''ဆိုတာ ကုန်ရောင်းသူနဲ့ ကုန်ဝယ်သူအကြား ကုန်ဘိုးပေးချေမှုမပြုမီ ငွေစာရင်းတစ်ရပ် ဘဏ်မှာဖွင့်ထားစေပြီးမှ ကုန်စည်တွေကို ထုတ်လုပ်ပေးပို့ဘို့ စီစဉ်ထားတဲ့ ငွေပေးချေမှုအစီအစဉ်တစ်ရပ်ဖြစ်တယ်လို့ အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါတယ်။ စာရင်းရှင်နည်းနဲ့ ငွေပေးချေမှုတွေကို ပြည်တွင်းကုန်ရောင်းဝယ်မှုတွေမှာ အများအပြားကျင့်သုံးပေမယ့် နိုင်ငံတကာ ကုန်စည်ရောင်းဝယ်မှုတွေမှာတော့ သိပ်မကျင့်သုံးပါဘူး။ အကြောင်းကတော့ ဝယ်ယူဆီကို ပေးပို့လိုက်တဲ့ကုန်စည်တွေအတွက် ကုန်ဘိုးရရှိရေးမှာ ကုန်ရောင်းသူအတွက် သိပ်မသေချာလို့ဖြစ်ပါတယ်။ အခြေခံအားဖြင့် ကုန်ရောင်းသူက ကုန်ဝယ်သူအပေါ်လည်း အပြည့်အဝယုံကြည်မှုရှိပြီး ကုန်ဝယ်သူရှိရာနိုင်ငံရဲ့ တည်ငြိမ်မှုနဲ့ သွင်းကုန်စည်းမျဉ်းများကို အပြည့်အဝယုံကြည်မှသာ ဒီလိုစာရင်းရှင်နည်းနဲ့ ငွေပေးချေမှုလုပ်သင့်ပါတယ်။ ဒီလိုစာရင်းရှင်နည်းလမ်းနဲ့ ငွေပေးချေရင် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတွေကို မိမိလက်ထဲရောက်မှ သို့မဟုတ် စစ်ဆေးပြီးမှသာ ငွေပေးချေရတဲ့အတွက် ဝယ်သူအတွက် အကျိုးများပါတယ်။ ကုန်ရောင်းသူအတွက်ကျတော့ ကုန်ဘိုးရဘို့ အာမခံချက်မရှိပါဘူး။

## ၁. ၃။ အထောက်အထားငွေထုတ်စာရင်းများ( Documentary credits)

### ၁. ၃. ၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်

''အထောက်အထားငွေထုတ်စာရင်း''ဆိုတာ ကုန်ဝယ်သူ (လျှောက်ထားသူ)၏ မေတ္တာရပ်ခံချက်နှင့် ညွှန်ကြားချက်အရ သတ်မှတ်ကာလအတွင်း သတ်မှတ်ထားသော အထောက်အထားတင်ပြလာသည့်အခါ သို့မဟုတ် တိတိကျကျဖော်ပြသတ်မှတ်နိုင်သော အနာဂါတ်နေ့ရက်ရောက်သည့်အခါ ငွေပေးချေရန် ကုန်ရောင်းသူ (အကျိုးခံစားခွင့်ရှိသူ) သို့ ဘဏ်တစ်ဘဏ် (အထောက်အထားထုတ်ပေးသည့်ဘဏ်) က တာဝန်ယူထုတ်ပေးထားသည့်စာဖြင့် ရေးသားထားသော တာဝန်ယူမှုအထောက်အထားဖြစ်ပါတယ်။

အထောက်အထားငွေထုတ်စာရင်း ထုတ်ပေးရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ကုန်ရောင်းသူက ကုန်ဝယ်သူကို ရောင်းချတဲ့ကုန်စည် သို့မဟုတ် ဆောင်ရွက်ပေးတဲ့ ဝန်ဆောင်မှုအတွက် အဖိုးအခကို ပေးချေဘို့အတွက် နည်းလမ်းတစ်ရပ်သတ်မှတ်ပေးရေးဘဲ ဖြစ်ပါတယ်။ ဒီအထောက်အထားတွေက တစ်နိုင်ငံစီမှာနေကြတဲ့ ကုန်သည်တွေအတွက် ရောင်းလိုက်တဲ့ ကုန်စည် သို့မဟုတ် ဆောင်ရွက်ပေးလိုက်တဲ့ ဝန်ဆောင်မှုအတွက် ငွေပေးချေဘို့နဲ့ တစ်ဖက်မှာလည်း ကုန်ဝယ်သူကို ကုန်စည်တွေလက်ရောက်ပေးအပ်ဘို့ သေချာအောင်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

အထောက်အထားငွေထုတ်စာရင်း ထုတ်ပေးတဲ့စနစ်ဟာ ကုန်ရောင်းသူနဲ့ ကုန်ဝယ်သူနှစ်ဘက်လုံးရဲ့ အကျိုးစီးပွားကို မျှမျှတတဆောင်ရွက်ပေးတဲ့စနစ်ဖြစ်ပါတယ်။ ဒါ့အပြင် ဥပဒေသဘောအရ လိုအပ်တဲ့ အထောက်အထား၊ ဥပမာ–သင်္ဘောကုန်တင်စာရင်း ( Bill of lading )၊ အာမခံပေါ်လစီတွေကို လတ်တလောအသုံးပြုဘို့ မလိုသေးတဲ့အပြင် ကုန်စည်တွေဟာ ပင်လယ်ရေကြောင်းနဲ့ သယ်ယူနေစဉ်အချိန်မှာ ဒီအထောက်အထားတွေကို အာမခံအဖြစ်ထားပြီး သင့်လျော်တဲ့ မြီရှင်စာရင်းတစ်ရပ် ဖွင့်လှစ်ပေးနိုင်ဘို့ ဘဏ်တွေကို အထောက်အကူပြုပါတယ်။ ဒါကြောင့်လည်း ဒီစနစ်ကို ''ရေပက်မဝင်အောင် အပြန်အလှန်မျှတတဲ့စနစ်၊ နိုင်ငံတကာ ကုန်သွယ်မှုရဲ့ ဘဏ္ဍာရေးကဏ္ဍမှာ အကောင်းမွန်ဆုံးစနစ်'' လို့ ခေါ်ဆိုကြခြင်းဖြစ်ပါတယ်။

**၁.၃.၂။ အထောက်အထားငွေထုတ်စာရင်းတစ်ရပ်တွင် ပါဝင်သူများ**

အထောက်အထားငွေထုတ်စာရင်းတစ်ရပ်မှာ အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါတယ် -

(က) **အကျိုးခံစားခွင့်ရှိသူ**

ဒီငွေထုတ်ပေးရန် အထောက်အထားအရ အကျိုးခံစားခွင့်ရှိသူ (Beneficiary) ကတော့ ငွေထုတ်စာရင်းက ငွေထုတ်ယူရရှိမယ့် ကုန်ရောင်းသူ သို့မဟုတ် ပို့ကုန်တင်ပို့သူ (seller or exporter) ဘဲဖြစ်ပါတယ်။

(ခ) **ငွေထုတ်စာရင်းဖွင့်လှစ်သူ/လျှောက်ထားသူ**

ငွေထုတ်စာရင်းဖွင့်လှစ်သူ/လျှောက်ထားသူ (Opener/ applicant) ကတော့ ကုန်ရောင်းသူအတွက် ငွေထုတ်စာရင်းတစ်ရပ်ဖွင့်လှစ်ပေးဘို့ သူ့ရဲ့ ဘဏ် (အထောက်အထားထုတ်ပေးတဲ့ဘဏ် issuing bank) ကို ညွှန်ကြားပေးတဲ့ ကုန်ဝယ်သူ သို့မဟုတ် သွင်းကုန်တင်သွင်းသူ (buyer/ importer) ဘဲ ဖြစ်ပါတယ်။

(ဂ) **အထောက်အထားထုတ်ပေးတဲ့ဘဏ် ( Issuing bank )**

အထောက်အထားထုတ်ပေးတဲ့ဘဏ်ဆိုတာ သွင်းကုန်တင်သွင်းသူရဲ့ လျှောက်ထားချက်အရ ငွေထုတ်ပေးဘို့ သဘောတူညီတဲ့ ဘဏ်ဖြစ်ပါတယ်။ အထောက်အထားထုတ်ပေးတဲ့ဘဏ်ဟာ အများအားဖြင့် ကုန်ဝယ်သူ နေထိုင်ရာနိုင်ငံမှာတည်ရှိလေ့ရှိပါတယ်။ အကျိုးခံစားခွင့်ရှိသူ (ကုန်ရောင်းသူ)ကသာ ထုတ်ပေးမယ့် ငွေဆိုင်ရာစည်းကမ်းချက်တွေကို လိုက်နာရင် တင်ပြတဲ့ အထောက်အထားများပါ ငွေရပ်ကိုထုတ်ပေးဘို့ ပြန်လည်မရုပ်သိမ်းတဲ့ တာဝန်ယူမှု ( irrevocable undertaking) နဲ့ တာဝန်ယူကြောင်း အထောက်အထား ထုတ်ပေးပါတယ်။

(ဃ) **သတ်မှတ်သည့်ဘဏ် ( Norminated Bank )**

သတ်မှတ်သည့်ဘဏ်ဆိုတာ ငွေတစ်ရပ်ကိုပေးချေဘို့ ညှိနှိုင်းဘို့ ငွေကို

အချိန်ဆိုင်းပေးချေဘို့အတွက် အထောက်အထားထုတ်ပေးဘို့၊ ငွေတောင်းလွှာတွေ လက်ခံဘို့ သတ်မှတ်ထားတဲ့ဘဏ်ဖြစ်ပါတယ်။ ဒီဘဏ်ဟာ ပေးချေရမယ့် ငွေရပ်နဲ့ပတ်သက်လို့ အတည်ပြုချက်ပြုပေးလို့ အတည်ပြုသည့်ဘဏ် (Confirming bank) အဖြစ်ပြောင်းလဲမသွားရင် ငွေပေးချေဘို့တာဝန်မရှိပါဘူး။

(င) **အကြံပြုသည့်ဘဏ် (Advising bank)**

အကြံပေးဘဏ်ဆိုတာ ငွေထုတ်စာရင်းလွှဲပြောင်းဖွင့်လှစ်ရေးအတွက် တာဝန်ယူတဲ့ဘဏ်ဖြစ်ပြီး ပို့ကုန်တင်ပို့သူ/အကျိုးခံစားခွင့်ရှိသူကို ငွေထုတ်စာရင်းဖွင့်လှစ်ပြီးကြောင်း အသိပေးတဲ့ဘဏ်ဖြစ်ပါတယ်။ ဒီဘဏ်က ငွေထုတ်စာရင်းဖွင့်လှစ်ပေးတဲ့ငွေဟာ မြင်သာထင်သာတဲ့အချက်တွေအရ မှန်ကန်မှုရှိမရှိ သင့်လျော်တဲ့ ဂရုစိုက်မှုနဲ့စစ်ဆေးပေးဘို့ တာဝန်သာရှိပြီး တခြားတာဝန်မရှိပါဘူး။

(စ) **အတည်ပြုသည့်ဘဏ် (Confirming bank)**

အတည်ပြုတဲ့ဘဏ်ဆိုတာ ယေဘုယျအားဖြင့် အကြံပြုတဲ့ဘဏ်နဲ့ အတူတူဖြစ်ပြီး၊ အထောက်အထားထုတ်ပေးတဲ့ဘဏ်က အထောက်အထားအပြင် မိမိဘဏ်ရဲ့ ပြန်မရုပ်သိမ်းတဲ့တာဝန်ခံမှုတစ်ရပ်ကိုလည်း ထုတ်ပေးပါတယ်။ ထုတ်ပေးမယ့်ငွေနဲ့ပတ်သက်တဲ့ သတ်မှတ်အထောက်အထားတွေကို တင်ပြနိုင်ပြီး၊ သက်ဆိုင်ရာတွေငွေနဲ့ ပတ်သက်တဲ့ စည်းကမ်းချက်တွေကို လိုက်နာရင် ငွေတစ်ရပ်ကို ထုတ်ပေးမယ့်အကြောင်း အတိအကျဖော်ပြတဲ့ တာဝန်ခံချက်ကို ထုတ်ပေးပါတယ်။

(ဆ) **ငွေပေးချေသည့်ဘဏ် (Negotiating bank)**

ငွေပေးချေသည့်ဘဏ်ဆိုတာ ပို့ကုန်တင်ပို့သူက တင်ပြတဲ့ အထောက်အထားတွေကို စစ်ဆေးပြီး ငွေထုတ်ပေးတဲ့ဘဏ်ဖြစ်ပါတယ်။ ငွေပေးချေတဲ့ဘဏ်က ထုတ်ပေးရန်ငွေကို အတည်ပြုသည့်ဘဏ်မဟုတ်ရင် ယေဘုယျအားဖြင့် "ယာယီ – with recourse" လို့ ဖော်ပြတတ်ပါတယ်။ ဆိုလိုတာက

အထောက်အထားထုတ်ပေးတဲ့ဘဏ်က ငွေပေးချေတဲ့ဘဏ်ကို ထုတ်ပေးငွေ ပြန်လည်မပေးခဲ့ရင် အကျိုးခံစားခွင့်ရှိသူ (ကုန်ရောင်းသူ) က ထုတ်ပေးငွေကို ပြန်လည်ပေးသွင်းဘို့ဖြစ်ပါတယ်။

**၁. ၃. ၃။ အထောက်အထားငွေထုတ်စာရင်း ထုတ်ပေးမှုလုပ်ငန်း အဆင့်ဆင့်များ**

အထောက်အထားငွေထုတ်စာရင်း ထုတ်ပေးမှုရဲ့ အခြေခံလုပ်ငန်း အဆင့်ဆင့်ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(က) ပထမဦးဆုံး ကုန်ရောင်းသူနဲ့ ကုန်ဝယ်သူတို့ ကုန်စည် အရောင်းအဝယ်စာချုပ်တစ်ရပ် ချုပ်ဆိုကြပြီး စာချုပ်မှာ ကုန်ဘိုးငွေကိုပေးချေရန် အထောက်အထားထုတ်ပေးတဲ့ စနစ်နဲ့ ငွေပေးချေဘို့ သဘောတူကြပါတယ်။

(ခ) ကုန်ဝယ်သူက သူ့ဘဏ် (အထောက်အထားထုတ်ပေးတဲ့ ဘဏ်)ကို ကုန်ရောင်းသူ (အကျိုးခံစားခွင့်ရသူ) အတွက် ငွေစာရင်းတစ်ရပ်ဖွင့်ပေးဘို့ ညွှန်ကြားပါတယ်။

(ဂ) အထောက်အထားထုတ်ပေးတဲ့ဘဏ်က အများအားဖြင့် ကုန်ရောင်းသူနေထိုင်ရာနိုင်ငံမှာရှိတဲ့ ကြားခံဘဏ် ( intermediary bank) တစ်ခုကိုထုတ်ပေးရန်ငွေနဲ့ ပတ်သက်လို့ အကြံပြုပေးဘို့ သို့မဟုတ် အတည်ပြုပေးဘို့ အကြောင်းကြားပါမယ်။

(ဃ) အကြံပြုဘဏ် သို့မဟုတ် အတည်ပြုဘဏ်က ငွေထုတ်ပေးရန် အထောက်အထားထုတ်ပေးထားကြောင်းကို ကုန်ရောင်းသူကို အကြောင်းကြားပါမယ်။

(င) ကုန်ရောင်းသူက ငွေထုတ်စာရင်းပါစည်းကမ်းချက်တွေကို ကျေနပ်လက်ခံတာနဲ့ ကုန်စည်တွေကို ကုန်ဝယ်သူဆီပေးပို့ နိုင်ပါတယ်။

(စ) ကုန်စည်တွေကို သင်္ဘောပေါ်တင်ပြီးတာနဲ့ သင်္ဘောတင် အထောက်အထားတွေကို ငွေထုတ်ပေးမယ့်ဘဏ်ကို တင်ပြ ပါတယ်။

(ဆ) ငွေထုတ်ပေးမယ့်ဘဏ်က ကုန်ရောင်းသူတင်ပြတဲ့ အထောက် အထားတွေကို စစ်ဆေးပြီး ထုတ်ပေးရမယ့်ငွေနဲ့ ပတ်သက်တဲ့ လိုအပ်ချက်တွေပြည့်စုံရင် ကုန်ဘိုးငွေများကို ထုတ်ပေး ပါတယ်။ လိုအပ်ရင်တော့ ကုန်ရောင်းသူနဲ့ ညှိနှိုင်းဆောင်ရွက် ပါမယ်။

(ဇ) အကြံပြုဘဏ် သို့မဟုတ် အတည်ပြုဘဏ်က ဒီအထောက် အထားတွေကို ငွေထုတ်အထောက်အထားထုတ်ပေးတဲ့ဘဏ် ကို ပေးပို့ပါတယ်။

(ဈ) ငွေထုတ်အထောက်အထား ထုတ်ပေးတဲ့ဘဏ်က သူနဲ့ ဆက် သွယ်ဘဲ့ဘဏ် (correspondent bank) ဖြစ်တဲ့ အကြံပြု ဘဏ် သို့မဟုတ် အတည်ပြုဘဏ်ကို ထုတ်ပေးငွေများ အတွက် ငွေပြန်လည်ပေးပို့ပါတယ်။


(ည) ကုန်ဝယ်သူက ကျသင့်တဲ့ငွေများကို ပေးချေတာနဲ့ အထောက် အထားတွေကို ဝယ်သူကို ထုတ်ပေးပါတယ်။

(ဋ) ကုန်ဝယ်သူက ဘဏ်ကထုတ်ပေးတဲ့ အထောက်အထားတွေ ဟာ ကုန်စည်ပိုင်ဆိုင်မှု အထောက်အထားတွေဖြစ်ခဲ့ရင် ဒီ သယ်ယူပို့ဆောင်မှု အထောက်အထားတွေကို ကုန်စည်

သယ်ယူပို့ဆောင်သူ (သင်္ဘောစသည်)ကိုပေးအပ်ပြီးရင် သယ်ယူပို့ဆောင်သူက ဝယ်သူကို ကုန်စည်တွေထုတ်ပေးပါတယ်။

(နိုင်ငံတကာ ကူးသန်းရောင်းဝယ်မှာ ဝယ်ယူတဲ့ကုန်စည်တွေအတွက် ကုန်ဘိုးပေးချေမှုပုံစံကို အောက်ပါပုံဖြင့် အကြမ်းဖျဉ်းဖော်ပြလိုက်ပါတယ်။)

"အေ"နိုင်ငံ "ဘီ"နိုင်ငံ




၁။ ဝယ်ယူသည့် ကုန်စည်အတွက် ငွေထုတ်ပေးရန် အထောက်အထားဖွင့်လှစ်ဆောင်ရွက်ပေးရန် ကုန်ဝယ်သူက ငွေထုတ်အထောက်အထားထုတ်ပေးမည့်ဘဏ်သို့ ညွှန်ကြားခြင်း။

၂။ ငွေထုတ်အထောက်အထားထုတ်ပေးသည့်ဘဏ်က အကြံပြု/အတည်ပြုဘဏ်သို့ ကုန်ဘိုးငွေပေးချေရန်အတွက် ငွေထုတ်စာရင်းဖွင့်ပေးရန် အကြောင်းကြားခြင်း။

၃။ အကြံပြု/အတည်ပြုဘဏ်က ကုန်ရောင်းသူအား ကုန်ဝယ်သူက ယင်း၏ဘဏ်မှတစ်ဆင့် ငွေထုတ်စာရင်းဖွင့်လှစ်ပေးလာကြောင်းနှင့် ကုန်စည်ပေးပို့ရန် အကြောင်းကြားခြင်း။

၄။ ကုန်ရောင်းသူက ကုန်စည်များကို သယ်ယူပို့ဆောင်သူသို့ ဝယ်သူထံသယ်ယူရန် ပေးအပ်ခြင်း။

၅။ ကုန်ရောင်းသူက သယ်ယူပို့ဆောင်သူမှထုတ်ပေးသော ကုန်စည်သယ်ယူပို့ဆောင်မှု အထောက်အထားများကို အတည်ပြုဘဏ်သို့တင်ပြကာ ကုန်ဘိုးငွေထုတ်ယူခြင်း။

၆။ အတည်ပြုဘဏ်က ကုန်ရောင်းသူတင်ပြလာသည့် ကုန်စည်သယ်ဆောင်မှု အထောက်အထားများကို ငွေထုတ်အထောက်အထားဖွင့်လှစ်သည့်ဘဏ်သို့ ပေးပို့ခြင်း။

၇။ ငွေထုတ်အထောက်အထားဖွင့်လှစ်သည့်ဘဏ်က အတည်ပြုဘဏ်က ကုန်ရောင်းသူသို့ ထုတ်ပေးလိုက်သော ကုန်ဘိုးငွေများကို ပြန်လည်ပေးပို့ခြင်း။

၈။ ငွေထုတ်အထောက်အထားဖွင့်လှစ်သည့်ဘဏ်က ကုန်ဝယ်သူထံမှ ကုန်ဘိုးငွေများရရှိသည့်အခါ ကုန်စည်သယ်ဆောင်မှု အထောက်အထားများကို ဝယ်သူသို့ထုတ်ပေးခြင်း။

၉။ ကုန်ဝယ်သူက ယင်းအထောက်အထားများကို သယ်ယူပို့ဆောင်သူသို့ ကုန်စည်များ ထုတ်ပေးရန်အတွက် တင်ပြခြင်း။

၁၀။ သယ်ယူပို့ဆောင်သူက ကုန်စည်များကို ဝယ်သူသို့ထုတ်ပေးခြင်း။

## ၁. ၃. ၄။ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အထောက်အထားငွေထုတ်စာရင်းများ၏ တူညီသော ထုံးတမ်းများနှင့်ကျင့်စဉ်များ

ပထမ ကမ္ဘာစစ်မတိုင်မီကတော့ အချင်းချင်းသိရှိယုံကြည်ပြီးကြတဲ့ ကုန်သည်အချင်းချင်းသာ အများဆုံးကူးသန်းရောင်းဝယ်မှုပြုကြပါတယ်။ စစ်ဖြစ်လာတော့ ကုန်သွယ်ဖက်ဟောင်းတွေ အဆက်ပြတ်ကုန်လေတော့ ကုန်သွယ်ဖက်အသစ်တွေကို ကမ္ဘာအနှံ့မှာ ရှာဖွေလာကြရပါတယ်။ တစ်ဖက်နဲ့ တစ်ဖက်မသိရှိ၊ မယုံကြည်နိုင်သူအချင်းချင်း ကုန်သွယ်ကြရမှာဆိုတော့ တစ်ဦးနဲ့တစ်ဦး ဘယ်လိုဆက်သွယ်ကြမယ်ဆိုတဲ့ ပြဿနာပေါ်ပေါက်လာရာက အထောက်အထားငွေထုတ်စာရင်းဖွင့်ပြီး လုပ်ကိုင်တဲ့စနစ်ပေါ်ပေါက်လာပါတယ်။ အထောက်အထားငွေထုတ်စာရင်း ဖွင့်လှစ်ဆောင်ရွက်မှု သက်ဆိုင်တဲ့ ဥပဒေတွေနဲ့ကျင့်စဉ်တွေ တူညီရေးအတွက် ကြိုးပမ်းမှုတွေဟာ ပထမကမ္ဘာစစ်ကြီးပြီးချိန်ကစတင်ခဲ့ပါတယ်။ နိုင်ငံအလိုက်ကစပြီး ဒီလိုအထောက်အထား ငွေထုတ်စာရင်းဖွင့်လှစ် လုပ်ကိုင်ပုံတွေကို တူညီမှုရှိအောင် ကြိုးပမ်းခဲ့ပါတယ်။ ၁၉၃၃ ခုနှစ်ကျမှသာ နိုင်ငံတကာ ကုန်သည်ကြီးများအသင်း (အိုင်စီစီ)က ''ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အထောက်အထား ငွေထုတ်စာရင်းများအတွက် တူညီသောထုံးတမ်းများနှင့် ကျင့်စဉ်များ (Uniform Customs and Pratice for Commercial Documentary Credits - UCP) ကို ချမှတ်နိုင်ခဲ့ပါတယ်။ ယူစီပီကို ၁၉၆၂ ခုနှစ် ပြင်ဆင်ချက်ထုတ်ပြန်တဲ့အခါမှသာ ယခင်ပါဝင် သဘောတူခဲ့တဲ့သူတွေအပါအဝင် ယူနိုက်တက်ကင်းဒမ်းနိုင်ငံနဲ့ ဓနသဟာယနိုင်ငံများက ဘဏ်လုပ်ငန်းရှင်များကပါ သဘောတူညီခဲ့ပါတယ်။ ယူစီပီစည်းမျဉ်းတွေကို ခေတ်နဲ့အညီ ပြင်ဆင်ထားရှိနိုင်ဘို့အတွက် ကူးသန်းရောင်းဝယ်သူတွေက ယူစီပီ စည်းကမ်းချက်တွေကို လက်တွေ့ကျင့်သုံးတဲ့အခါတွေ့ကြုံရတဲ့ ပြဿနာတွေအပေါ် နိုင်ငံတကာကုန်သည်ကြီးများ အသင်းကြီးရဲ့ဘဏ်လုပ်ငန်း နည်းပညာ နဲ့ကျင့်စဉ်ကော်မရှင် (Commission on Banking Technique and Prac

tice) က ကျွမ်းကျင်မှုအကြံဉာဏ်တွေပေးပါတယ်။ ဒီကျွမ်းကျင်မှု အကြံဉာဏ်တွေဟာ ဥပဒေအာနိသင်မရှိပေမယ့် တရားရုံးတွေက ဒီအကြံဉာဏ်တွေကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာမှတ်သားပါတယ်။ ဒီအကြံဉာဏ်တွေဟာ ယူစီပီ စည်းမျဉ်းတွေရဲ့ အနက်အဓိပ္ပါယ်ဖွင့်ဆိုရာမှာ ရှင်းလင်းချက်အဖြစ်မကြာခဏ ရည်ညွှန်းခံရပြီး ဘဏ်လုပ်ငန်းကျင့်စဉ်တွေနဲ့ ပတ်သက်လို့လဲ ရှင်းလင်းချက်များဖြစ်ပါတယ်။ ယူစီပီကို ၁၉၅၁ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၈၃ ခုနှစ်နဲ့ ၁၉၉၃ ခုနှစ်တွေမှာ ပြင်ဆင်ခဲ့ပါတယ်။ အထောက်အထား ငွေထုတ်စာရင်းတစ်ရပ်ရပ်မှာ ယူစီပီစည်းမျဉ်းတွေကို ထည့်သွင်းဖော်ပြထားမှသာ ယူစီပီ စည်းမျဉ်းတွေက စံသတ်မှတ်ထားတဲ့ စည်းမျဉ်းများအနေနဲ့ အကျိုးသက်ရောက်မှုရှိလာမှာ ဖြစ်ပါတယ်။ ဒီနေ့ ခေတ်မှာတော့ တစ်ကမ္ဘာလုံးက ငွေထုတ်စာရင်းများရဲ့ ၉၅% မှာ ယူစီပီစည်းမျဉ်းတွေကို ရည်ညွှန်းဆောင်ရွက်နေကြပါတယ်။

ယူစီပီကို ရေးဆွဲချမှတ်စဉ်ကတည်းက ဥပဒေတစ်ရပ်လို အာနိသင်ရှိလာစေဘို့ ရည်ရွယ်ချက်မရှိခဲ့ပါဘူး။ ငွေထုတ်စာရင်း ( letter of credit ) တွေမှာ ရည်ညွှန်းသုံးစွဲနိုင်ဘို့သာ ဘဏ်လုပ်ငန်းရှင်တွေအတွက် ရည်ရွယ်ရေးဆွဲချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။ Kozolchy ရဲ့ အဆိုအရ ‘‘ယူစီပီကို စတင်ရေးဆွဲခဲ့ကြတဲ့သူတွေက လက်တွေ့ဆန်ပြီးသင့်တင့်တဲ့ ရည်ရွယ်ချက်သာထားခဲ့တာပါ။ သက်ဆိုင်ရာ ဥပဒေစည်းမျဉ်းတွေ၊ ဓလေ့ထုံးတမ်းတွေအားလုံးကို ဥပဒေပေါင်းချုပ်တစ်ရပ်လို စုစည်းဘို့မဟုတ်ဘဲ ဘဏ်လုပ်ငန်းတွေမှာ ပိုအဆင်ပြေလာအောင် နိုင်ငံတကာဘဏ်ထုံးတမ်းတွေနဲ့ တစ်ခြားစည်းမျဉ်းတွေကို စုစည်းဘို့သာရည်ရွယ်ခဲ့ပါတယ်။’’ လို့ဆိုခဲ့ပါတယ်။ ဒီလိုအသင့်အတင့်အတွက်သာ ရည်ရွယ်ချက်ထားခဲ့ပေမယ့် မကြာခင်ကာလက ပေါ်ပေါက်ခဲ့တဲ့ အဖြစ်အပျက်များအရ တစ်ကမ္ဘာလုံးနီးပါးနဲ့သက်ဆိုင်တဲ့ ယူစီပီစည်းမျဉ်းတွေ ချမှတ်လာနိုင်တဲ့အထိ ပြောင်းလဲလာခဲ့ပါတယ်။

ယူနီပီ စည်းမျဉ်းတွေရဲ့ ဥပဒေရေးရာအဆင့်နဲ့ စပ်လျဉ်းလို့ အယူအဆ အမျိုးမျိုးကွဲပြားနေကြပါတယ်။ ဒီလိုကွဲပြားကြတဲ့နေရာမှာ ''ယူစီပီစည်းမျဉ်း တွေဟာ ဘဏ်လုပ်ငန်းရှင်များကသာ တစ်ဖက်သတ်ရေးဆွဲချမှတ်ထားတာ ဖြစ်ပြီး စည်းမျဉ်းနဲ့သက်ဆိုင်သူအားလုံးကို ညှိနှိုင်းချမှတ်ထားတာမဟုတ်လို့ ဓလေ့ထုံးတမ်းအာနိသင်ရှိတဲ့ ကျင့်စဉ်တွေလို့မခေါ်ဆိုနိုင်ဘူး'' ဆိုတဲ့အမြင်ကအစ ''ယူစီပီစည်းမျဉ်းတွေကို ဥပဒေလိုအာနိသင်ရှိတဲ့ စည်းမျဉ်းလို့မသတ်မှတ်ရင် တောင် အဓိပ္ပါယ်ဖွင့်ဆိုရာမှာဖြစ်စေ ကျင့်သုံးရာမှာဖြစ်စေ နိုင်ငံတကာအဆင့် မှာ တူညီစွာဆောင်ရွက်နိုင်ဘို့အတွက် လိုအပ်တဲ့တိကျသော ဥပဒေစည်းမျဉ်း များဖြစ်တယ်'' ဆိုတဲ့အမြင်အထိ ကွဲပြားနေပါတယ်။ ပညာရှင်အများကတော့ ယူစီပီစည်းမျဉ်းများကို စံသဘောပါရှိတဲ့ နိုင်ငံအများအပြားကလက်ခံထားသည့် ကုန်သွယ်မှုအလေ့အထများအဖြစ် မှတ်ယူသင့်တယ်လို့ သဘောတူကြပါတယ်။ Schmitthoff က ''နိုင်ငံပေါင်း ၁၇၀ ကျော်က ဘဏ်တွေက ငွေထုတ်စာရင်း တွေဖွင့်လှစ်ရာမှာ ယူစီပီစည်းမျဉ်းတွေအရ ဆောင်ရွက်နေကြသမို့ ဒီယူစီပီ စည်းမျဉ်းတွေဟာ ကမ္ဘာ့ဥပဒေ (world law) ဖြစ်လာနေပြီ။'' လို့ ပွင့်ပွင့် လင်းလင်းထောက်ပြခဲ့ပါတယ်။ နိုင်ငံတကာဘဏ်လုပ်ငန်းဆိုင်ရာ အမေရိကန် ကောင်စီ (The United States Council on International Banking USCIB) ကလည်း ''ယူစီပီစည်းမျဉ်းတွေဟာ စာချုပ်ချုပ်ဆိုရာမှာ စံထားရ တဲ့ ပြဋ္ဌာန်းချက်တွေဖြစ်သလို ကမ္ဘာတစ်ဝှမ်းလုံးမှာရှိကြတဲ့ ဈေးကွက်တွေ၊ တရားရုံးတွေက အထောက်အထားငွေထုတ်စာရင်းနဲ့ စပ်လျဉ်းပြီး ဆက်သွယ် လုပ်ကိုင်မှုတွေအပေါ် အဓိပ္ပါယ်ဖွင့်ဆိုကျင့်သုံးကြရာမှာ အခြေအနေအရ ထင်ရှား နေတဲ့ ဥပဒေ (de facto law) အဖြစ် အသိအမှတ်ပြုထားကြတယ်။''လို့ ဆို ခဲ့ပါတယ်။

အခန်း (၂)

# အထောက်အထားငွေထုတ်စာရင်းများ၏ အခြေခံပုံစံများနှင့်အထူးပုံစံများ

## ၂ ။ ၁။ အထောက်အထားငွေထုတ်စာရင်းများ၏အခြေခံပုံစံများ

### ၂ ။ ၁ ။ ၁။ ပြန်လည်ရုပ်သိမ်းနိုင်သောငွေထုတ်စာရင်း (Revocable credit)

ယူစီပီစည်းမျဉ်း၊ အပိုဒ် (၈) အရ ငွေထုတ်စာရင်းဖွင့်လှစ်ပေးဘို့ အထောက်အထားထုတ်ပေးတဲ့ဘဏ်က အကျိုးခံစားခွင့်ရှိသူကို ကြိုတင် အကြောင်းကြားမှုမပြုဘဲ အချိန်မရွေး ပြန်လည်ပြင်ဆင် သို့မဟုတ် ပယ်ဖျက် ခွင့်ရှိတဲ့ ငွေထုတ်စာရင်းကို ပြန်လည်ရုပ်သိမ်းနိုင်သော ငွေထုတ်စာရင်းလို့ ခေါ်ပါတယ်။

သင့်လျော်တဲ့ အထောက်အထားတွေတင်ပြနိုင်ရင် ငွေပေးချေဘို့ အထောက်အထားထုတ်ပေးတဲ့ဘဏ်က အာမခံပါတယ်။ အထောက်အထား ဘင်ပြတာနဲ့ ငွေပေးချေရတဲ့ကိစ္စတွေမှာ ငွေပေးချေပြီးတဲ့ကိစ္စတွေကို ဘဏ်က ပြန်လည်ပယ်ဖျက် ရုပ်သိမ်းခွင့်မရှိပါဘူး။ ငွေပေးချေပြီးသားကိစ္စတွေကို

ထိခိုက်အောင်လည်း ပြင်ဆင်ချက် တစ်စုံတစ်ရာ မလုပ်နိုင်ပါဘူး။ အရေးကြီးတဲ့အချက်က ဘယ်အချိန်မှာ ငွေထုတ်မယ့် အထောက်အထားတင်ပြမယ်ဆိုတဲ့အချက်မဟုတ်တဲ့ ငွေပေးချေပြီးမပြီးဆိုတဲ့အချက်ကသာ အရေးကြီးတာဖြစ်ပါတယ်။ အချိန်ဆိုင်းငွေပေးချေမှု (deferred payment) တွေမှာ အထောက်အထားထုတ်ပေးတဲ့ဘဏ်ဟာ တစ်ကြိမ်အထောက်အထားကိုလက်ခံပြီးရင်ဆိုလိုတာက တင်ပြတဲ့အထောက်အထားကို စစ်ဆေးပြီး မှန်ကန်ကြောင်းလက်ခံပြီးရင် နောက်ပေးချေရမယ့်ငွေတွေအတွက် စည်းကမ်းချက်ကို မပြင်ရပါဘူး။ အထောက်အထားထုတ်ပေးတဲ့ဘဏ်က သူကြိုက်တဲ့အချိန်မှာ ပယ်ဖျက်ခွင့်ရှိပြီး အကျိုးခံစားခွင့်ရှိသူကိုဖြစ်စေ၊ တစ်စုံတစ်ဦးကိုဖြစ်စေ ပယ်ဖျက်တဲ့ကိစ္စကို တစ်စုံတစ်ရာကြိုတင်အကြောင်းကြားဘို့ တာဝန်မရှိတဲ့အတွက် ဒီလိုငွေထုတ်ပုံစံမျိုးဟာ ကူးသန်းရောင်းဝယ်ရေးနယ်ပယ်မှာ လူကြိုက်နည်းလှပါတယ်။ လက်တွေ့မှာ ဘဏ်တွေက ငွေထုတ်စာရင်းတစ်ခုကို ပယ်ဖျက်တော့မယ်ဆိုရင် ကြိုတင်အကြောင်းကြားမှုရှိပေမယ့် ဒါဟာ ယဉ်ကျေးမှုအရ အကြောင်းကြားတာဖြစ်ပါတယ်။ ဒီကြိုတင်အကြောင်းကြား ချက်ကို သတိမပြုမိလို့ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မသိခဲ့ရင်တောင် ဘဏ်မှာ ဘာတာဝန်မှ မရှိပါဘူး။

ငွေထုတ်စာရင်းတစ်ရပ်ကို ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း ရည်ညွှန်းသတ်မှတ်ချက် တစ်စုံတစ်ရာမရှိရင် ယူစီပီစည်းမျဉ်းအပိုဒ် ၆(ဂ) အရ ဒီငွေထုတ်စာရင်းကို ပြန်လည်မရုပ်သိမ်းနိုင်ဘူးလို့ မှတ်ယူရပါမယ်။

### ၂. ၁. ၂။ ပြန်လည်မရုပ်သိမ်းနိုင်သောငွေထုတ်စာရင်း
**( Irrevocable credit )**

အကျိုးခံစားခွင့်ရှိသူက အထောက်အထားများတင်ပြရင် ငွေထုတ်ပေးမှာဖြစ်ကြောင်း၊ ထုတ်ယူမယ့်ငွေနဲ့ စပ်လျဉ်းတဲ့ စည်းကမ်းချက်များနဲ့အညီ ရေးဆွဲတင်ပြတဲ့ ငွေတောင်းခံလွှာများ (Bills) ကိုလည်း လက်ခံမှာဖြစ်ကြောင်း ငွေထုတ်စာရင်းဖွင့် အထောက်အထားထုတ်ပေးတဲ့ဘဏ်က တာဝန်ခံတဲ့

အာမခံချက်ထုတ်ပေးရင် ဒီငွေထုတ်စာရင်းကို ပြန်လည်မရုပ်သိမ်းနိုင်တဲ့ ငွေထုတ်စာရင်းလို့ ခေါ်ပါတယ်။

ဒါကြောင့် ယူစီပီစည်းမျဉ်း အပိုဒ် ၉(က) မှာ "သတ်မှတ်ထားသော အထောက်အထားများကို သတ်မှတ်ရွေးချယ်ထားသည့် ဘဏ် သို့မဟုတ် ငွေထုတ်စာရင်းအထောက်အထားထုတ်ပေးသည့်ဘဏ်သို့ တင်ပြပြီး၊ ထုတ်ယူမည့်ငွေနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို လိုက်နာပါက ငွေထုတ်ပေးရန် အတိအကျတာဝန်သတ်မှတ်ထားသည့် ငွေထုတ်စာရင်းကို ပြန်လည်မရုပ်သိမ်းနိုင်သော ငွေထုတ်စာရင်းဖြစ်သည်" လို့ သတ်မှတ်ထားတာဖြစ်ပါတယ်။

ပြန်လည်မရုပ်သိမ်းနိုင်တဲ့ ငွေထုတ်စာရင်းတစ်ရပ် ဖွင့်ပေးဘို့ ကုန်ဝယ်သူရဲ့ ညွှန်ကြားချက်ကို ဘဏ်ကလက်ခံလိုက်ပြီးရင် ကုန်ရောင်းချသူက ... ရောင်းအဝယ်စာချုပ်ကို စည်းကမ်းနဲ့အညီ အကောင်အထည်မဖော်ကဲ့အခါ ဒါမှမဟုတ် လုံးဝအကောင်အထည်မဖော်တဲ့အခါမှာတောင် ဘဏ်က သူ့လုပ်ထုံးလုပ်နည်းအတိုင်း ငွေထုတ်ပေးရင် ဝယ်သူအနေနဲ့ လုံးဝကားမြစ်ပိုင်ခွင့် မရှိတော့ပါဘူး။ ပြန်လည်မရုပ်သိမ်းနိုင်ဝဲ့ငွေထုတ်စာရင်း ဖွင့်လှစ်ဆောင်ရွက်ရတဲ့ အဓိကအချက်က ကုန်ဝယ်သူရဲ့ကိုယ်စား ကုန်စည်သင်္ဘောတင် အထောက်အထားတွေကိုဝယ်ဘို့ ငွေထုတ်စာရင်းအထောက်အထားထုတ်ပေးတဲ့ဘဏ်ကို ဆောင်ရွက်ခိုင်းတာဖြစ်ပါတယ်။ ကုန်ရောင်းချသူက ဘဏ်ကိုတင်ပြတဲ့ ကုန်စည်ပိုင်ဆိုင်မှုအထောက်အထားတွေဟာ မှန်ကန်ပြီး ထုတ်ယူရမယ့်ငွေနဲ့စပ်လျဉ်းတဲ့ စည်းကမ်းချက်တွေနဲ့ ကိုက်ညီနေခဲ့ရင် ကုန်ရောင်းသူနဲ့ ကုန်ဝယ်သူအကြား ကုန်အရောင်းအဝယ်စာချုပ်ကို အကောင်အထည်ဖော်မှု ပြီးမပြီးကို အငြင်းပွားနေသည့်တိုင် ဘဏ်ကငွေထုတ်ပေးဘို့ အပြည့်အဝအာမခံတဲ့အချက်ဖြစ်ပါတယ်။

Stein Vs Hambros Bank (1921) ( 9 LL Rep. 433) အမှုမှာ တရားသူကြီး Rowlatt က ဆုံးဖြတ်ထားရာမှာ "ဘဏ်ရဲ့တာဝန်ဟာ အပြီး

အပြတ်တာဝန်ဖြစ်ပါတယ်။ လိုအပ်တဲ့အထောက်အထားတွေကိုတင်ပြရင် ဒီအထောက်အထားတွေကိုလက်ခံပြီး ငွေတောင်းခံလွှာကိုလည်း လက်ခံရမှာ ဖြစ်ပါတယ်။ ဒါဟာ ဘဏ်ရဲ့ အပြီးအပြတ်တာဝန်ကို ကူးသန်းရောင်းဝယ်ရေး အမြင်အရ အဓိပ္ပာယ်ဖွင့်ဆိုချက်ဘဲဖြစ်ပါတယ်'' လို့ ဆုံးဖြတ်ခဲ့ပါတယ်။

ပြန်လည်မရုပ်သိမ်းနိုင်တဲ့ ငွေထုတ်စာရင်းရဲ့သဘောတရားကို Hamzeh Malas and Sons Vs British Imex Industries Ltd. (1957) (2 Lloyd's Rep, 549) အမှုမှာ ထင်ထင်ရှားရှားတွေ့နိုင်ပါတယ်။ ဒီအမှုမှာ သံမဏိ အမျိုးအပြားကို စီအိုင်အက်ဖ်စည်းကမ်းချက်နဲ့ ရောင်းဝယ်ပြီး နှစ်ရစ်ခွဲပြီး ကုန်စည်တွေကိုပို့ပေးဘို့ ရောင်းသူဝယ်သူ သဘောတူခဲ့ကြပါတယ်။ ကုန်ဘိုးငွေကို အရစ်အလိုက်ပေးချေဘို့နဲ့ မရုပ်သိမ်းနိုင်တဲ့ ငွေထုတ်စာရင်း အရ ပေးချေဘို့ သဘောတူခဲ့ပါတယ်။ ကုန်စည်ပထမအရစ်ကို ပေးပို့တဲ့အခါ ကုန်ဘိုးငွေကိုလည်း ပေးချေပါတယ်။ ဒါပေမယ့် ကုန်ဝယ်သူက ကုန်ရောင်းသူ ပေးပို့လိုက်တဲ့ သံမဏိတွေဟာ အရည်အသွေးမမီဘူးလို့အကြောင်းပြပြီး ဒုတိယ အရစ် ငွေပေးချေမှုမပြုနိုင်အောင် တရားရုံးမှာ တားဝရမ်းလျှောက်ထားပြီး ဘဏ်က ငွေထုတ်မပေးဖြစ်အောင် ကြိုးစားပါတယ်။ ဒီအမှုမှာ တရားရုံးက တားဝရမ်းထုတ်မပေးနိုင်ဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီလို ပြန်လည်မရုပ်သိမ်း နိုင်တဲ့ ငွေထုတ်စာရင်းဖွင့်ဆောင်ရွက်တဲ့ကိစ္စမှာ ကုန်ရောင်းသူက လိုအပ်တဲ့ အထောက်အထားတွေကို မှန်မှန်ကန်ကန် တင်ပြခဲ့ရင် ဘဏ်မှာ တခြားရွေး စရာနည်းလမ်းမရှိဘဲ ငွေထုတ်စာရင်းစည်းကမ်းအတိုင်းဘဲ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

### ၂. ၁. ၃။ အတည်ပြုသောငွေထုတ်စာရင်းနှင့် အတည်မပြုသောငွေထုတ် စာရင်း ( **Confirmed and Unconfirmed credits** )

ဆက်သွယ်ဆောင်ရွက်တဲ့ဘဏ်ရဲ့ကဏ္ဍဟာ ငွေထုတ်စာရင်းဖွင့်ဘို့ အထောက်အထားထုတ်ပေးတဲ့ ဘဏ်က သူ့ကို ''ကိုယ်ပိုင်အတည်ပြုချက်

ထပ်ဖြည့်ထုတ်ပေးဘို့'' မေတ္တာရပ်ခံမှု ပြု မပြုနဲ့ အကျိုးခံစားခွင့်ရှိသူကို အကြံပြုချက်ပေးဘို့သာ ဟုတ်မဟုတ်အပေါ်မူတည်ပြီး ကွာခြားမှုရှိပါတယ်။

(၁) အတည်ပြုသည့်ငွေထုတ်စာရင်း

ဆက်သွယ်ဆောင်ရွက်တဲ့ဘဏ်က သူ့ရဲ့အာမခံချက်ကို ထပ်ဖြည့်ပေးလိုက်မယ်ဆိုရင် အထောက်အထားတွေတင်ပြတဲ့အခါ ငွေပေးချေဘို့နဲ့ ပေးချေမယ့်ငွေနဲ့ စပ်လျဉ်းတဲ့ စည်းကမ်းချက်များနဲ့အညီ ငွေတောင်းခံလွှာများကိုလည်း လက်ခံဘို့ အခိုင်အမာ အာမခံရာရောက်ပါတယ်။ ဒီလို အာမခံချက်နဲ့ စပ်လျဉ်းလို့ ယူစီပီစည်းမျဉ်း၊ အပိုဒ် ၉ (ခ) မှာ အဓိပ္ပာယ်ဖွင့်ဆိုထားတာက ''ပြန်လည်မရုပ်သိမ်းနိုင်သောငွေထုတ်စာရင်းကို အခြားဘဏ်တစ်ဘဏ် (အတည်ပြုသည့်ဘဏ်) က ငွေထုတ်စာရင်းအထောက်အထားထုတ်ပေးသည့်ဘဏ်၏ အခွင့်အမိန့်အရဖြစ်စေ၊ မေတ္တာရပ်ခံချက်အရဖြစ်စေ အတည်ပြုခဲ့ပါက ယင်းအတည်ပြုချက်သည် အထောက်အထားထုတ်ပေးသည့်ဘဏ်၏ အာမခံချက်အပြင် အတည်ပြုသည့်ဘဏ်က အခိုင်အမာ အတည်ပြုရာရောက်သည်။ သို့သော် သတ်မှတ်ထားသည့်အထောက်အထားများကို အတည်ပြုသည့်ဘဏ် သို့မဟုတ် အခြားသတ်မှတ်သည့်ဘဏ်တစ်ခုခုအား တင်ပြရမည့်အပြင် ထုတ်ယူမည့်ငွေနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကိုလည်း လိုက်နာရမည်ဖြစ်သည်'' လို့ ဖွင့်ဆိုထားပါတယ်။

ဒါ့ကြောင့် ပြန်လည်မရုပ်သိမ်းနိုင်တဲ့ငွေထုတ်စာရင်းတစ်ရပ်ကို အတည်ပြုချက်ရခဲ့ရင် အကျိုးခံစားခွင့်ရှိသူဟာ ငွေထုတ်စာရင်းအထောက်အထားထုတ်ပေးတဲ့ ဘဏ်ရဲ့ အာမခံချက်ရော အတည်ပြုတဲ့ဘဏ်ရဲ့ အာမခံချက်ရော လွတ်လပ်တဲ့အာမခံချက်နှစ်မျိုးရရှိပါတယ်။ ငွေထုတ်စာရင်းကို အတည်ပြုချက်ပေးတဲ့စနစ်ကြောင့် အကျိုးခံစားခွင့်ရှိသူအနေနဲ့ ငွေထုတ်စာရင်းအထောက်အထားထုတ်ပေးတဲ့ဘဏ်က ငွေမပေးချေမှာကိုရော နိုင်ငံတစ်နိုင်ငံမှာဖြစ်ပေါ်တဲ့ နိုင်ငံရေးပြဿနာ၊ ငွေလွှဲမရတဲ့ပြဿနာတွေ (ဒီပြဿနာ

တွေကို နိုင်ငံဆိုင်ရာပြဿနာ (country risk) လို့ခေါ်လေ့ရှိပါတယ်) ကိုရော စိုးရိမ်စရာမလိုတော့ပါဘူး။ နိုင်ငံအလိုက်ဖြစ်တတ်တဲ့ ဖော်ပြပါပြဿနာတွေ အပြင် အထောက်အထားတွေကို စာတိုက်မှပေးပို့တဲ့အခါ တွေ့ကြုံလေ့ရှိတဲ့ ပြဿနာတွေကိုလည်း တွေ့ကြုံဖြေရှင်းစရာမလိုတော့ပါဘူး။ အတည်ပြုတဲ့ ဘဏ်ကလည်း အကျိုးခံစားခွင့်ရှိသူကို အာမခံချက်သီးသန့်ပေးထားလေတော့ အကျိုးခံစားခွင့်ရှိသူအနေနဲ့ အထောက်အထားထုတ်ပေးတဲ့ဘဏ်ဆီကရော အတည်ပြုချက်ပေးတဲ့ဘဏ်ဆီကရော ငွေထုတ်ပေးဖို့တောင်းဆိုခွင့်ရပါတယ်။ ငွေထုတ်စာရင်းကို အတည်ပြုချက်ရလိုက်တဲ့အခါ အကျိုးခံစားခွင့်ရသူအနေနဲ့ အာမခံချက်တစ်ခုထပ်ရလိုက်ပြီး သူ့တိုင်းပြည်မှာ ငွေထုတ်ယူနိုင်တဲ့ မြီစား တစ်ဦး ထပ်တိုးလာတဲ့သဘောဖြစ်ပါတယ်။

အချုပ်အားဖြင့် အတည်ပြုချက်ရရှိတဲ့ ငွေထုတ်စာရင်းဟာ အထောက် အထားငွေထုတ်စာရင်းစနစ်မှာ အလုံခြုံဆုံး အာမခံချက်စနစ်ဖြစ်ကြောင်း တွေ့ရပါတယ်။

## (၂) အတည်ပြုချက်မရှိသောငွေထုတ်စာရင်း (Unconfirmed credit)

အတည်ပြုချက်မရှိတဲ့ငွေထုတ်စာရင်းဖွင့်ပေးချေတဲ့ကိစ္စတွေမှာ ငွေ ထုတ်စာရင်းအထောက်အထားထုတ်ပေးတဲ့ဘဏ်က အကျိုးခံစားခွင့်ရှိသူရဲ့ နိုင်ငံတကဘဏ်တစ်ဘဏ် (အကြံပြုဘဏ်) မှာ ငွေကိုထုတ်ယူရရှိနိုင်ကြောင်း သတ်မှတ်ပေးပါတယ်။ ဒီအကြံပြုဘဏ်ဟာ (သူ့ရဲ့တာဝန်ယူမှုလုံးဝမပါဘဲ) ထုတ်ယူဘို့ငွေရောက်လာရင် ငွေထုတ်ယူဘို့ အကျိုးခံစားခွင့်ရှိသူကို အသိ ပေး အကြံပြုမှာဖြစ်ပါတယ်။ ယူစီပီစည်းမျဉ်း၊ အပိုဒ် ၁၀(ခ) (၁) မှာ "ငွေထုတ် စာရင်းအထောက်အထားထုတ်ပေးတဲ့ဘဏ်မှာသာ ငွေထုတ်ပေးဘို့ သတ်မှတ် မထားရင် ထုတ်ယူရမယ့်ငွေရပ်အသီးသီးမှာ သတ်မှတ်တဲ့ဘဏ်တစ်ခုခုကို ငွေပေးချေဘို့ အချိန်ဆိုင်းငွေပေးချေဘို့၊ ငွေတောင်းခံလွှာတွေ လက်ခံဘို့နဲ့ ညှိနှိုင်းဆောင်ရွက်ဘို့ သတ်မှတ်တာဝန်ပေးရမယ်" လို့ သတ်မှတ်ဖော်ပြပါတယ်။

**၂.၁.၄။ လွှဲပြောင်းနိုင်သောငွေထုတ်စာရင်းနှင့် မလွှဲပြောင်းနိုင်သော ငွေထုတ်စာရင်း ( Transferable and non-transferable credit)**

တခြားသူတစ်ဦးဦးကို လွှဲပြောင်းပေးနိုင်တဲ့ ပြန်လည်မရုပ်သိမ်းနိုင်တဲ့ ငွေထုတ်စာရင်းကို ထုတ်ပေးရတဲ့ အဓိကရည်ရွယ်ချက်ကတော့ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် မထုတ်လုပ် မပေးသွင်းနိုင်တဲ့ ကုန်စည်တွေကို တခြားသူတစ်ဦးဦးဆီက ဝယ်ယူပေးသွင်း၊ ငွေပေးချေနိုင်စေဘို့ ရည်ရွယ်ပါတယ်။

ယူစီပီစည်းမျဉ်း အပိုဒ် ၄၈(က) မှာ လွှဲပြောင်းနိုင်တဲ့ငွေထုတ်စာရင်းနဲ့စပ်လျဉ်းလို့ အောက်ပါအတိုင်း သတ်မှတ်ထားပါတယ် –

''လွှဲပြောင်းနိုင်သောငွေထုတ်စာရင်း'' ဆိုသည်မှာ အကျိုးခံစားခွင့်ရှိသူ (ပထမအကျိုးခံစားခွင့်ရှိသူ) က ငွေပေးချေရန်ဖြစ်စေ၊ အချိန်ဆိုင်းငွေပေးချေရန်အတွက် တာဝန်ယူရန်ဖြစ်စေ အထောက်အထားလက်ခံရန်ဖြစ်စေ၊ ငွေထုတ်စာရင်း လွှဲပြောင်းပေးရေးအတွက် ညှိနှိုင်းရန်ဖြစ်စေ အခွင့်အာဏာရှိသည့်ဘဏ်ကိုသော်လည်းကောင်း လွတ်လပ်စွာ လွှဲပြောင်းနိုင်သည့်ငွေထုတ်စာရင်းကို ထုတ်ပေးသည့်ကိစ္စတွင် လွှဲပြောင်းမှုဆောင်ရွက်ပေးမည့်ဘဏ် (Transferring Bank) အဖြစ် အတိအကျ သတ်မှတ်ပေးထားသည့်ဘဏ်ကိုသော်လည်းကောင်း၊ အခြားအကျိုးခံစားခွင့်ရှိသူတစ်ဦး သို့မဟုတ် အများ (ဒုတိယအကျိုးခံစားခွင့်ရှိသူ) အား ငွေတစ်ရပ်လုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ တောင်းဆိုခွင့်ရှိသည့် ငွေထုတ်စာရင်းကိုခေါ်သည်လို့ သတ်မှတ်ဖော်ပြထားပါတယ်။

ငွေထုတ်စာရင်း အထောက်အထားထုတ်ပေးတဲ့ဘဏ်က ငွေထုတ်စာရင်းက ငွေတစ်ရပ်ကို လွှဲပြောင်းပေးပိုင်ခွင့်ရှိကြောင်း အတိအလင်း သတ်မှတ်ဖော်ပြမှသာ ဒီငွေရပ်ကို လွှဲပြောင်းနိုင်ခွင့်ရှိပါတယ်။ ယူစီပီစည်းမျဉ်း၊ အပိုဒ် ၄၈(ခ) (၁) မှာအောက်ပါအတိုင်း ဖော်ပြထားပါတယ်။

''ပထမအကျိုးခံစားခွင့်ရှိသူသည် မိမိ၏ကုန်ပို့လွှာ / ငွေတောင်းခံလွှာအစား ထုတ်ယူရရှိမည့် ငွေရပ် ပမာဏထက်မပိုစေဘဲ၊ ထို့ပြင် ငွေထုတ်စာရင်းပါ

သတ်မှတ်သည့် ကုန်စည်ဈေးနှုန်းထက်မပိုစေဘဲ ဒုတိယအကျိုးခံစားခွင့်ရှိသူ၏ ကုန်ပို့လွှာ/ငွေတောင်းခံလွှာအား အစားထိုးခွင့်ရှိသည်။ ထိုသို့ အစားထိုးသည့်အခါ ပထမအကျိုး ခံစားခွင့်ရှိသူသည် မိမိ၏ကုန်ပို့လွှာနှင့် ဒုတိယအကျိုးခံစားခွင့်ရှိသူ၏ ကုန်ပို့လွှာတန်ဘိုး ခြားနားခဲ့သော် ခြားနားငွေကို ထုတ်ယူခွင့်ရှိသည်'' လို့ သတ်မှတ်ထားပါတယ်။

ငွေထုတ်စာရင်းတစ်ရပ်ကို လွှဲပြောင်းပေးပြီးနောက် ပထမအကျိုးခံစားခွင့်ရှိသူက ဒုတိယအကျိုးခံစားခွင့်ရှိသူ၏ ကုန်ပို့လွှာများအစား မိမိ၏ကုန်ပို့လွှာများကိုတင်ပြရန်ရှိတဲ့အခါမှာ ဒီလိုကုန်ပို့လွှာတွေပေးပို့ဖို့ ပထမအကြိမ်တောင်းဆိုတဲ့အခါ မပေးပို့နိုင်ခဲ့ရင် ဒီငွေထုတ်စာရင်းအတွက် ရရှိပြီးတဲ့အထောက်အထားတွေကို ဒုတိယအကျိုးခံစားခွင့်ရှိသူရဲ့ ကုန်ပို့လွှာများနဲ့အတူ လွှဲပြောင်းဆောင်ရွက်တဲ့ဘဏ်က ငွေထုတ်အထောက်အထားထုတ်ပေးတဲ့ဘဏ်သို့ ပေးအပ်ခွင့်ရှိပါတယ်။ ဒီလိုပေးပို့တဲ့အတွက် လွှဲပြောင်းဆောင်ရွက်တဲ့ဘဏ်အနေနဲ့ ပထမအကျိုးခံစားခွင့်ရှိသူအပေါ် ဘာတာဝန်မှမရှိပါဘူး။

ယူစီပီစည်းမျဉ်း၊ အပိုဒ် ၄၈(ဆ) အရ တခြားနည်း သဘောတူထားတာမရှိရင် ဒီလိုငွေထုတ်စာရင်းလွှဲပြောင်းပုံမျိုးကို တစ်ကြိမ်သာ ဆောင်ရွက်နိုင်ပါတယ်။ ဒါ့ကြောင့် ဒုတိယအကျိုးခံစားခွင့်ရှိသူဟာ တတိယအကျိုးခံစားခွင့်ရှိသူကို ထပ်ပြီးမလွှဲပြောင်းနိုင်ပါဘူး။ ယူစီပီစည်းမျဉ်း၊ အပိုဒ် ၄၈၊ အပိုဒ်ခွဲ (ဇ) နဲ့ (ဈ) အရ အောက်မှာဖော်ပြထားတဲ့ ခြွင်းချက်အရကလွဲလို့ မူလငွေထုတ်စာရင်း စည်းကမ်းချက်များနဲ့အညီ လွှဲပြောင်းရပါမယ်။

- ပထမအကျိုးခံစားခွင့်ရှိသူရဲ့အမည်နဲ့လိပ်စာကို ငွေထုတ်ခွင့် လျှောက်ထားသူရဲ့အမည်၊ လိပ်စာနဲ့ အစားထိုးပြောင်းလဲပေးရပါမယ်။
- ပထမအကျိုးခံစားခွင့်ရှိသူက သူ့ရဲ့ကုန်ပို့လွှာတွေကို ဒုတိယအကျိုးခံစားခွင့်ရှိသူရဲ့ ကုန်ပို့လွှာတွေနဲ့ အစားထိုးခွင့်ရှိပါတယ်။
- ငွေထုတ်စာရင်းပါ ငွေပမာဏနဲ့ ကုန်ဈေးနှုန်းကို လျှော့နိုင်ပါတယ်။
- စည်းမျဉ်းအပိုဒ် ၄၃ အရ အထောက်အထားများကို တင်ပြရမယ့်

နောက်ဆုံးရက် (တရားဝင်ကာလ) နဲ့ ကုန်စည်တွေကို သင်္ဘောတင်ပို့ချိန်ကာလကို လျှော့ချနိုင်ပါတယ်။

– မူလငွေထုတ်စာရင်းမှာဖော်ပြထားတဲ့ အာမခံအတိုင်းအတာအထိရောက်အောင် အာမခံထားတဲ့ ရာခိုင်နှုန်းကို တိုးမြှင့်နိုင်ပါတယ်။

ပထမအကျိုးခံစားခွင့်ရှိသူက ငွေထုတ်စာရင်းလွှဲပြောင်းပေးဘို့ သဘောတူညီတဲ့ဘဏ်ကို ငွေထုတ်စာရင်းလွှဲပြောင်းပေးဘို့ ညွှန်ကြားပေးပြီး၊ ဒုတိယအကျိုးခံစားခွင့်ရှိသူကို သူ့နာမည်နဲ့ ငွေထုတ်စာရင်းပြောင်းပေးပြီး အကြောင်းကြားရပါမယ်။ ငွေထုတ်စာရင်းနာမည်လွှဲပြောင်းပေးပြီးရင် ဒုတိယအကျိုးခံစားခွင့်ရှိသူက ငွေထုတ်စာရင်းကိုသုံးစွဲခွင့် ရှိလာပါတယ်။ လွှဲပြောင်းနိုင်တဲ့ငွေထုတ်စာရင်းပုံစံဟာ နိုင်ငံတကာကုန်သွယ်မှုရဲ့ လိုအပ်ချက်တွေနဲ့ အလွန်ကိုက်ညီပါတယ်။ ကုန်သည်(အလယ်လူ၊ ပွဲစား) တစ်ယောက်အနေနဲ့ ကုန်ဝယ်သူတစ်ယောက်ဆီက အထောက်အထားငွေထုတ်စာရင်းပုံစံနဲ့ရတဲ့ ကုန်ဘိုးငွေကိုသူ့ရဲ့ကုန်စည်ပေးသွင်းသူ (supplier) ကို ကုန်ဘိုးပေးချေနိုင်ပါတယ်။ ဒီလိုနည်းနဲ့ ကုန်သည်ကသူ့ရဲ့ကုန်ပို့လွှာကို ကုန်စည်ပေးသွင်းသူရဲ့ ကုန်ပို့လွှာနေရာမှာအစားထိုးနိုင်တဲ့အတွက် ကုန်ဝယ်သူဟာ ကုန်သည်ဘယ်လောက်မြတ်တယ်၊ ဘယ်သူတွေက ကုန်စည်အမှန်တင်ပို့ တယ်ဆိုတာကိုဖုံးကွယ်ထားနိုင်ပါတယ်။

## ၂.၂။ အထူးပုံစံများ (Special forms)

### ၂.၂.၁။ လှည့်လည်သုံးငွေထုတ်စာရင်း (Revolving credit)

(ရုပ်သိမ်းခွင့်ရှိသော သို့မဟုတ် ရုပ်သိမ်းခွင့်မရှိသော) လှည့်လည်သုံးငွေထုတ်စာရင်းဆိုတာ သတ်မှတ်ကာလတစ်ခုအတွင်းမှာ ငွေအတိုင်းအတာတစ်ရပ်အမြဲရှိနေအောင်ထားရှိပေးတဲ့အတွက် ဒီကာလအတွင်းငွေထုတ်ယူခဲ့ပေမယ့် မူလငွေအတိုင်းအတာအထိပြန်ဖြည့်အောင်ထားပေးတဲ့ ငွေထုတ်စာရင်းဖြစ်ပါတယ်။ ထုတ်ယူငွေကိုချက်ချင်းဖြစ်စေ ငွေတောင်းလွှာတွေကို ပေးချေပြီးကြောင်းတင်ပြချက်ရရချင်းဖြစ်စေ လျှော့နည်းသွားတဲ့ငွေကို ပြန်လည်းဖြည့်တင်း

တဲ့ စနစ်ဖြစ်ပါတယ်။

ကုန်စည်တွေကို အချိန်ပိုင်းအရ အရစ်ကျပေးပို့ရတဲ့အခါ ဒီလှည့်လည်ငွေထုတ်စာရင်းကို သုံးနိုင်ပါတယ်။ တစ်ကြိမ်ထုတ်ယူတဲ့ငွေဟာ ပေးပို့တဲ့ကုန်စည်တန်ဘိုးနဲ့အညီသာဖြစ်ရပါမယ်။ ဥပမာ–ငွေထုတ်စာရင်းပါငွေ အမေရိကန်ဒေါ်လာတစ်သိန်းကို (၁၁)ကြိမ်လှည့်သုံးတဲ့အခါ အမေရိကန်ဒေါ်လာ တစ်သန်းနှစ်သိန်းထုတ်ယူနိုင်တာမျိုးပါ။ ပထမအကြိမ် အမေရိကန်ဒေါ်လာ တစ်သိန်းထုတ်ယူပြီးတာနဲ့ နောက်ထပ်အရစ်အတွက် ငွေထပ်ထုတ်ဘို့ အလိုအလျောက်ဖြည့်ပြီးသားဖြစ်သွားပါတယ်။ ဒီနည်းနဲ့ အမေရိကန်ဒေါ်လာ တစ်သန်းနှစ်သိန်းအထိထုတ်နိုင်ပါတယ်။ ကုန်စည်အရောင်းအဝယ်စာချုပ်ပါ လှည့်လည်ငွေထုတ်ယူခြင်းဆိုင်ရာအပိုဒ် (revolving clause) မှာဘယ်လောက်ကြာရင်သတ်မှတ်တဲ့ အရစ်ပါငွေကိုထုတ်နိုင်မယ်ဆိုတာကို သတ်မှတ်ဖော်ပြရပါတယ်။ လှည့်လည်သုံးငွေထုတ်စာရင်းမှာ ငွေထုတ်စာရင်းမှထုတ်ယူဘို့ကျန်တဲ့ငွေပမာဏကို ငွေထုတ်ယူမယ့်အရစ်ပိုင်းကာလကို ဆက်ယူသွားလို့ရတဲ့ငွေထုတ်စာရင်းနဲ့ ဆက်ယူထုတ်လို့မရတဲ့ ငွေထုတ်စာရင်းဆိုပြီး နှစ်မျိုးရှိပါတယ်။ ကျန်ငွေကိုရှေ့အရစ်ပိုင်းကာလကို ဆက်ယူသွားလို့မရတဲ့ ငွေထုတ်စာရင်းမျိုးမှာတော့ သတ်မှတ်တဲ့ကာလမှာ ငွေမထုတ်ယူရင် နောက်ကာလမှာထုတ်ယူလို့မရနိုင်ပါဘူး။

သင်္ဘောတင်ပေးပို့ရမယ့် ကုန်စည်တန်ဘိုးအားလုံးအတွက် ငွေထုတ်စာရင်းတစ်ရပ်ဖွင့်ထားပြီး အပတ်စဉ် သို့မဟုတ် လစဉ် သတ်မှတ်တဲ့ ကုန်စည်ပမာဏကိုပေးပို့ဘို့ သင်္ဘောအပတ်စဉ်ခွဲပို့စေဘို့ သဘောတူတာမျိုးကတော့လှည့်လည်သုံးငွေထုတ်စာရင်းမဟုတ်ပါဘူး။ ယူစီပီစည်းမျဉ်းအပိုဒ် ၄၁ အရအရစ်ကျငွေထုတ်ယူခွင့်ရတဲ့ ငွေထုတ်စာရင်း (credit available by instalments) ဘဲဖြစ်ပါတယ်။

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် ( e – Library)တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။

ဤစာအုပ်တွင်

- နိုင်ငံတကာကုန်သွယ်မှုတွင်ကျင့်သုံးသောကုန်ဖိုးငွေပေးချေမှုနည်းလမ်းများ၊
- ငွေပေးချေရန်ဘဏ်က စိစစ်သည့်အခြေခံသဘောတရားများ၊
- နိုင်ငံတကာ ကုန်သွယ်မှုတွင်မရှိမဖြစ်လိုအပ်သည့် သယ်ယူပို့ဆောင်မှုနှင့် အာမခံ အထောက်အထားများကိုရှင်းလင်းချက်များနှင့်တကွတင်ပြထားသည်။
- နိုင်ငံတကာကုန်သွယ်မှုတွင် ကုန်ရောင်းသူဘက်မှ မိမိကုန်စည်များအတွက် ကုန်ဖိုးငွေရရှိရေး စိတ်ချမှုရှိစေရန်နှင့် ကုန်ဝယ်သူဘက်မှလည်း မိမိမှာယူသောကုန်စည်အမျိုးအစား၊ အရေအတွက်၊အရည်အချင်းအတိုင်းမမှားမယွင်းအချိန်မီရရှိရန်နှင့် အကြောင်းအမျိုးမျိုးကြောင့်ကုန်ဖိုးငွေမဆုံးရှုံးစေရန် ချင့်ချိန်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။
- ထိုသို့ဆောင်ရွက်နိုင်ရန် နိုင်ငံတကာကုန်သည်ကြီးများအသင်းက အတည်ပြုချမှတ်ထားသော "ကူးသန်းရောင်းဝယ်မှုဆိုင်ရာအထောက်အထား ငွေထုတ်စာရင်းဆိုင်ရာတူညီထုံးတမ်းများနှင့်ကျင့်စဉ်များ" ကိုဖော်ပြထားသည်။
- နိုင်ငံတကာကုန်သွယ်မှုတွင်ပါဝင်လုပ်ဆောင်နေကြသောကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများ၊နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းစဉ်အရပ်ရပ်တွင် တစ်နည်းနည်းနှင့် ပါဝင်နေကြသူများ၊ စီးပွားရေးလုပ်ငန်းဥပဒေ၊ ကုန်သွယ်မှုဥပဒေလေ့လာနေသူများအတွက် အထောက်အကူပြုနိုင်ရန်ရည်ရွယ်ပြုစုထားပါသည်။

# PAYMENT METHODS IN INTERNATIONAL TRADE

design: mehm thitsa